# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းသော အဆိုများ

| စဉ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ဦးထွန်းမြင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | သစ်တောကြိုးဝိုင်းဧရိယာအတွင်း ရောက်ရှိနေထိုင်လျက်ရှိသော မိသားစုများ၏ သားသမီးများပညာရေးကို စဉ်းစားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၃.၈.၂၀၁၁ ဒုတိယနေ့ | ၂၄.၈.၂၀၁၁ တတိယနေ့ | ဦးဝင်းထွန်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | ရုပ်သိမ်း |
| ၂။ | ဒေါက်တာမြင့်ကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) | ပါရဂူဘွဲ့ပေးသည့် တက္ကသိုလ်များ၏ အဆင့်အတန်းမြင့်မားရေး တွင် ပထမအဆင့်အနေဖြင့် အရှေ့တောင်အာရှ အဆင့်မီစေပြီး ၊ ဒုတိယ အဆင့် အနေဖြင့် ကမ္ဘာ့အဆင့်မီစေရေးအတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆို။ | ၂၄.၈.၂၀၁၁ တတိယနေ့ | ၂၅.၈.၂၀၁၁ စတုတ္ထနေ့ | ဒေါက်တာမြအေး ပညာရေးဝန်ကြီးဌာန | အတည်ပြု |
| ၃။ | ဦးဝင်းမောင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) | ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်များ ပို့ချသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ပထမနှစ်သာမက ဒုတိယနှစ်သင်တန်း၌ ပင်ရင်း မြန်မာစာ သင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆို။ | ၂၄.၈.၂၀၁၁ တတိယနေ့ | ၂၅.၈.၂၀၁၁ စတုတ္ထနေ့ | ဒေါက်တာမြအေး ပညာရေးဝန်ကြီးဌာန | အတည်ပြု |
| ၄။ | ဒေါက်တာမြဦး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးကဏ္ဍ တွင် တိုးမြှင့်ရင်းနှီးမြှုပ်နှံရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်း ကြောင်း အဆို။ | ၂၄.၈.၂၀၁၁ တတိယနေ့ | ၂၅.၈.၂၀၁၁ စတုတ္ထနေ့ | ဒေါက်တာဖေသက်ခင် ကျန်းမာရေးဝန်ကြီးဌာန | အတည်ပြု |
| ၅။ | ဒေါက်တာမြဦး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | ဆင်းရဲမှုလျှော့နည်းပပျောက်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက် ရေးအတွက် ကျေးလက်ဒေသကျန်းမာရေး စောင်ရှောက်မှု တိုးမြှင့် ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၄.၈.၂၀၁၁ တတိယနေ့ | ၂၅.၈.၂၀၁၁ စတုတ္ထနေ့ | ဒေါက်တာဖေသက်ခင် ကျန်းမာရေးဝန်ကြီးဌာန | အတည်ပြု |

| စဉ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၆။ | ဦးရှုမောင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) | ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက်ဟိုတယ်နှင့်ခရီးသွားလာရေး ဥပဒေအား ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို။ | ၂၅.၈.၂၀၁၁ စတုတ္ထနေ့ | ၂၆.၈.၂၀၁၁ ပဉ္စမနေ့ | ဦးတင်ဆန်း ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန | အတည်ပြု |
| ၇။ | ဒေါ်ရီရီမြင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းသင့်သော -<br>(က)မြန်မာနိုင်ငံ ကုန်အမှတ်အသားများဥပဒေ<br>( ခ )လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေ<br>( ဂ ) ၁၉၄၇ခုနှစ်အရေးကြီးသောကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ<br>(ဃ) တင်း၊တောင်း၊စံပမာဏအက်ဥပဒေတို့ကိုပြင်ဆင်၊ ဖြည့်စွက် ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၅.၈.၂၀၁၁ စတုတ္ထနေ့ | ၂၆.၈.၂၀၁၁ ပဉ္စမနေ့ | ဦးဝင်းမြင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန | အတည်ပြု |
| ၈။ | ဒေါ်ရီရီမြင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) | ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်းဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင်၊ ဖြည့်စွက်၊ ပြဋ္ဌာန်းသင့်သော-<br>(က) The Myanmar Telegraph Act(1885)<br>( ခ) The Myanmar Post Office Act (1989)<br>(ဂ) The Myanmar Wireless Telegraphy Act (1993) တို့ကိုပြင်ဆင်၊ ဖြည့်စွက်၊ ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၅.၈.၂၀၁၁ စတုတ္ထနေ့ | ၂၆.၈.၂၀၁၁ ပဉ္စမနေ့ | ဦးသိန်းထွန်း ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန | အတည်ပြု |
| ၉။ | ဦးခက်ထိန်နန် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) | ကချင်ပြည်နယ် ၊ ဖားကန့်မြို့နယ်တွင် ကျောက်စိမ်း ကျောက်မျက်များကို ထိန်းသိမ်း၍ ရေရှည် စနစ်တကျ တူးဖော်ထုတ်လုပ်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ။ | ၂၅.၈.၂၀၁၁ စတုတ္ထနေ့ | ၂၆.၈.၂၀၁၁ ပဉ္စမနေ့ | ဦးသိန်းထိုက် သတ္တုတွင်းဝန်ကြီးဌာန | အတည်ပြု |

| စဉ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၀။ | ဦးရှုမောင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) | သစ်တောသယံဇာတ မပြုန်းတီးရေး နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အပြည့်အဝ အကာအကွယ်ပေးနိုင်ရေးအတွက် သစ်တော ဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်း ကြောင်း အဆို။ | ၂၆.၈.၂၀၁၁ ပဉ္စမနေ့ | ၂၉.၈.၂၀၁၁ ဆဋ္ဌမနေ့ | ဦးသိန်းထိုက် သတ္တုတွင်းဝန်ကြီးဌာန | အဆို တစ်ပိုင်း သာ အတည်ပြု သည်။ |
| ၁၁။ | ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | ပို့ဆောင်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများကို ဦးစား အဆင့် အလိုက် ပြင်ဆင်ရေးဆွဲပြုစု၍ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို ။ | ၂၆.၈.၂၀၁၁ ပဉ္စမနေ့ | ၃၀.၈.၂၀၁၁ သတ္တမနေ့ | ဦးဉာဏ်လင်းအောင် ပို့ဆောင်ရေးဝန်ကြီးဌာန | အတည်ပြု |
| ၁၂။ | ဦးသိန်းဝင်း စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့်စွက်သင့်သော ဥပဒေများကို ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့်စွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၆.၈.၂၀၁၁ ပဉ္စမနေ့ | ၃၀.၈.၂၀၁၁ သတ္တမနေ့ | ဦးဝင်းသိန်း ဒုတိယဝန်ကြီး ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန | အတည်ပြု |
| ၁၃။ | ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉) | လက်ရှိ မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေဖလှယ်နှုန်း အမျိုးမျိုးရှိနေရာမှ တစ်ခုတည်းသော နိုင်ငံခြားငွေ ဖလှယ်နှုန်းဖြစ်လာစေရန် လိုအပ်သည်များကို ယခုအချိန်မှ အစပျိုး၍ စီစဉ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို ။ | ၂၆.၈.၂၀၁၁ ပဉ္စမနေ့ | ၃၀.၈.၂၀၁၁ သတ္တမနေ့ | ဦးဝင်းသိန်း ဒုတိယဝန်ကြီး ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန | အတည်ပြု |
| ၁၄။ | ဦးသိန်းဝင်း စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသည့် မြန်မာကျပ်ငွေလဲလှယ်နှုန်းအား ပြင်ဆင်သတ်မှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၉.၈.၂၀၁၁ ဆဋ္ဌမနေ့ | ၃၁.၈.၂၀၁၁ အဋ္ဌမနေ့ | ဦးဝင်းသိန်း ဒုတိယဝန်ကြီး ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန | အတည်ပြု |

| စဥ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၅။ | ဦးထွန်းလွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) | မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်း ကော်မတီတစ်ရပ် ဖွဲ့စည်းရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ။ | ၂၉.၈.၂၀၁၁ ဆဋ္ဌမနေ့ | ၃၁.၈.၂၀၁၁ အဋ္ဌမနေ့ | ဦးမြညိမ်း ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် လွှတ်တော်ရုံး | အတည်ပြု |
| ၁၆။ | ဦးတင်မောင်ဝင်း မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | ပြည်ထောင်စုနှင့် ပြည်နယ်တိုင်းအစိုးရအဖွဲ့များ ရက်(၁၀၀) ကျော် ကာလအတွင်း ဆောင်ရွက်ချက်များကို လွှတ်တော်က ချီးကျူး မှတ်တမ်း တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၉.၈.၂၀၁၁ ဆဋ္ဌမနေ့ | ၃၁.၈.၂၀၁၁ အဋ္ဌမနေ့ | ဦးမြညိမ်း ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် လွှတ်တော်ရုံး | အတည်ပြု |
| ၁၇။ | ဦးသိန်းဝင်း စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကစီမံခန့်ခွဲသော ဥပဒေများမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၏ လယ်ယာ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ လယ်ယာမြေ လုပ်ပိုင်ခွင့် မဆုံးရှုံးစေရေး၊ လုံခြုံမှုအပြည့် အဝပေးနိုင်ရေး၊ စိုက်ပျိုး ပြီး ထွက်ရှိလာသည့် သီးနှံများဈေးနှိမ်မခံရရေးနှင့် ဈေးကွက် ရရှိ ရေး စသည်တို့ပါဝင်သည့် ဥပဒေအသစ် တစ်ခုရေး ဆွဲပြီး ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားဥပဒေ၊၁၉၆၃ခုနှစ်တောင်သူလယ်သမား အခွင့်အရေး ကာကွယ်သည့်ဥပဒေများကိုဖျက်သိမ်းရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို ။ | ၃၀.၈.၂၀၁၁ သတ္တမနေ့ | ၃၁.၈.၂၀၁၁ အဋ္ဌမနေ့ | ဦးမြင့်လှိုင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတည်ပြု |

| စဉ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၈။ | ဦးတင်မောင်ဝင်း<br>မန္တလေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၃) | အများပြည်သူတို့အပေါ် မလျော်ကြဇာ ကျင့်သုံးမှု ၊ မမှန်မကန် ပြုကျင့်မှုများအတွက် တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးကြသည့် အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့များတွင် စုံစမ်းရာဒေသမှ ယုံကြည် လေးစားထိုက်သော မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများအား အဖွဲ့ဝင်အဖြစ် ထည့်သွင်း ဖွဲ့စည်းရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆို။ | ၃၁.၈.၂၀၁၁<br>အင်္ဂါနေ့ | ၃၁.၈.၂၀၁၁<br>အင်္ဂါနေ့ | ဗိုလ်မှူးချုပ်ကျော်ဇံမြင့်<br>ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု<br>ဝန်ကြီးဌာန | မေးခွန်း<br>အဖြစ်<br>မှတ်တမ်း<br>တင်သည်။ |
| ၁၉။ | ဦးသိန်းဂင်း<br>စစ်ကိုင်းတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၉) | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင်၊ ဖြည့်စွက်၊ ပြဋ္ဌာန်းသင့်သော (က)The Myanmar Company Act (ခ) The partnership Act (ဂ)နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေတို့ကို ပြင်ဆင် ဖြည့်စွက် ၊ ပြဋ္ဌာန်းရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၃၁.၈.၂၀၁၁<br>အင်္ဂါနေ့ | ၁.၉.၂၀၁၁<br>နဝမနေ့ | ဦးတင်နိုင်သိန်း<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု<br>ဝန်ကြီးဌာန | အတည်ပြု |
| ၂၀။ | ဦးမြင့်ထွန်း<br>ပဲခူးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁၀) | အဖွဲ့အစည်း(၉)ရပ်၊ ဝန်ကြီးဌာန(၁၅)ခု က စီမံခန့်ခွဲလျက်ရှိသော တည်ဆဲ ဥပဒေများမှ ဖျက်သိမ်း၊ ပြင်ဆင်၊ အသစ် ရေးဆွဲသင့်သည့် ဥပဒေများကို ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို ။ | ၃၁.၈.၂၀၁၁<br>အင်္ဂါနေ့ | ၁.၉.၂၀၁၁<br>နဝမနေ့ | ဒေါက်တာထွန်းရှင်<br>ရှေ့နေချုပ်ရုံး | အတည်ပြု |
| ၂၁။ | ဦးနေဝင်းထွန်း<br>ရှမ်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၉) | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ကျောက်စိမ်း၊ ကျောက်မျက် ကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေးအတွက် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၁.၉.၂၀၁၁<br>နဝမနေ့ | ၂.၉.၂၀၁၁<br>ဒသမနေ့ | ဦးသိန်းထိုက်<br>သတ္တုတွင်းဝန်ကြီးဌာန | မေးခွန်း<br>အဖြစ်<br>မှတ်တမ်း<br>တင်သည် |

| စဉ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၂၂။ | ဦးမြင့်ထွန်း ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) | မြေလွတ်မြေရိုင်းများကို လယ်ယာမြေအဖြစ် တိုးချဲ့ ဖော်ထုတ်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၁.၉.၂၀၁၁ နဝမနေ့ | ၂.၉.၂၀၁၁ ဒသမနေ့ | ဦးမြင့်လှိုင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ရုပ်သိမ်း |
| ၂၃။ | ဦးနေဝင်းထွန်း ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေး အတွက် ပြည်ထောင်စု အစိုးရအား တိုက်တွန်း ကြောင်း အဆို။ | ၁.၉.၂၀၁၁ နဝမနေ့ | ๅ.၉.၂၀၁၁ ၁၁ ရက်မြောက်နေ့ | ဦးသိန်းထိုက် သတ္တုတွင်းဝန်ကြီးဌာန | အမျိုးသား စီမံကိန်း စီးပွားရေး ငွေရေး ကြေးရေး နှင့် အခွန် အကောက် ဆိုင်ရာ ကော်မတီသို့ လွှဲပြောင်း သည်။ |
| | | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍာဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေး ဆောင်ရွက်ရန်အဆိုနှင့် စပ်လျဉ်း၍ ကော်မတီ၏ ကြားနာသုံးသပ်မှု အစီရင်ခံစာ တင်ပြခြင်း | ၆.၁၀.၂၀၁၁ | ၆.၁၀.၂၀၁၁ | ဥက္ကဋ္ဌ အမျိုးသားလွှတ်တော် | အစီရင်ခံစာ အတိုင်း ဆက်လက် ဆောင်ရွက် ပေးရေး အတွက် ပြည်ထောင်စု |

| စဉ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | အစိုးရအဖွဲ့သို့ ပေးပို့ရန် ဆုံးဖြတ်သည် |
| ၂၄။ | ဦးစတီဗင်သာဘိတ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) | ကလေး - ကလေးဝ - ရာကြီး - မုံရွာ လမ်းမကြီး မိုးတွင်းကာလတွင် ကားကြီး၊ ကားငယ် သွားလာနိုင်အောင် အစိုးရအနေဖြင့် ကျောက်ခင်း ခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ / မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။ | ၆.၉.၂၀၁၁ ၁၂ ရက် မြောက်နေ့ | ၆.၉.၂၀၁၁ ၁၂ ရက် မြောက်နေ့ | ဦးခင်မောင်မြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန | မေးခွန်း မှ အဆိုပြောင်း အတည်ပြုသည်။ |
| ၂၅။ | ဦးဆွေအောင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) | နိုင်ငံတော်အစိုးရအနေဖြင့် ယနေ့ဖြစ်ပေါ်နေသော လက်နက်ကိုင် ပဋိပက္ခအပေါ် ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးရေး ဆောင်ရွက်နိုင်ရန်နှင့် ထိုသို့ ဆောင်ရွက်ရာတွင် တို့တာဝန် အရေးသုံးပါးကိုထိပါးမခံဘဲ ဆွေးနွေး ညှိနှိုင်းဆောင်ရွက် ခြင်းမျိုးသာ ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ။ | ၂.၉.၂၀၁၁ ဒသမနေ့ | ၆.၉.၂၀၁၁ ၁၂ ရက် မြောက်နေ့ | ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန | အတည်ပြု |
| ၂၆။ | ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | သမဝါယမဝန်ကြီးဌာနက စီမံခန့်ခွဲသော သမဝါယမအသင်း ဥပဒေ (၁၉၉၂) အား လိုအပ်သော ပြင်ဆင်ဖြည့်စွက်မှုများနှင့် ပြဋ္ဌာန်း နိုင်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို ။ | ၆.၉.၂၀၁၁ ၁၂ ရက် မြောက်နေ့ | ၆.၉.၂၀၁၁ ၁၂ ရက် မြောက်နေ့ | ဦးအုန်းမြင့် သမဝါယမဝန်ကြီးဌာန | ဆိုင်းငံ့ |
| ၂၇။ | ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | မြန်မာနိုင်ငံအနေဖြင့် အခြား အာဆီယံအဖွဲ့ဝင်နိုင်ငံများ နည်းတူ စတော့ဈေးကွက်တစ်ခု ( Establishment of stock market ) ထူထောင်နိုင်ရန် အတွက် လိုအပ်သည်များကို ယခုအချိန်မှ အစပျိုး၍ စီစဉ်ဆောင်ရွက်ထားသင့်ကြောင်း ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို ။ | ၈.၉.၂၀၁၁ ၁၄ ရက် မြောက်နေ့ | ၉.၉.၂၀၁၁ ၁၅ ရက် မြောက်နေ့ | ဦးဝင်းသိန်း ဒုတိယဝန်ကြီး ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန | အတည်ပြု |

| စဉ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၂၈။ | ဗိုလ်မှူး/ဗိုလ်ကြီး စိုးဟိန်းနောင် တပ်မတော်သား ကိုယ်စားလှယ် | မြန်မာစာရေးထုံးများနှင့်ပတ်သက်၍ အမျိုးသားရေး လှုပ်ရှားမှု အသွင်ဖြင့် ထိန်းသိမ်းကြပ်မတ် ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရ အား တိုက်တွန်းကြောင်းအဆို။ | ၈.၉.၂၀၁၁ ၁၄ ရက် မြောက်နေ့ | ၉.၉.၂၀၁၁ ၁၅ ရက် မြောက်နေ့ | ဒေါက်တာမြအေး ပညာရေးဝန်ကြီးဌာန | စာသား ပြောင်း၍ အတည်ပြု သည်။ |
| ၂၉။ | ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | ပညာရေးဝန်ထမ်းဘဝမြင့်တင်ရေးအတွက် ပြည်ထောင်စု အစိုးရ အား တိုက်တွန်းကြောင်း အဆိုကို အကြံပြုချက် အဖြစ် မှတ်တမ်း တင်ပြီး ပညာရေးဆိုင်ရာ Foundation တစ်ခု ထူတောင်ဖို့ တိုက်တွန်းကြောင်း ဆုံးဖြတ်သည်။ | ၈.၉.၂၀၁၁ ၁၄ ရက် မြောက်နေ့ | ၉.၉.၂၀၁၁ ၁၅ ရက် မြောက်နေ့ | ဒေါက်တာမြအေး ပညာရေးဝန်ကြီးဌာန | အကြံပြု ချက်အဖြစ် မှတ်တမ်း တင်/ပညာ ရေးဆိုင်ရာ Foundati on ထူတောင်ဖို့ တိုက်တွန်း ကြောင်း ဆုံးဖြတ် သည်။ |

| စဉ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |
| ၃၀။ | ဦးသန်းဆွေ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလယ်ရွာ၌ (ထားဝယ်)ရေနက် ဆိပ်ကမ်း ပြုလုပ်ရာတွင် သမိုင်းဝင်နေရာများကို မပျက်စီး မထိခိုက်ရန် ထိန်းသိမ်းရေး စနစ်တကျ သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို။ | ၈.၉.၂၀၁၁ ၁၄ ရက် မြောက်နေ့ | ၁၂.၉.၂၀၁၁ ၁၆ ရက် မြောက်နေ့ | ဦးတင်နိုင်သိန်း အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အတည်ပြု |
| ၃၁။ | ဒေါက်တာစိုးထွန်း မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) | ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများ အပေါ်တရားမျှတစွာ ဖြေရှင်းဆုံးဖြတ်ရေး ပညာရှင်အဖွဲ့တစ်ခုဖွဲ့စည်းဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို။ | ၁၂.၉.၂၀၁၁ ၁၆ ရက် မြောက်နေ့ | ၁၃.၉.၂၀၁၁ ၁၇ ရက် မြောက်နေ့ | ဒေါက်တာဖေသက်ခင် ကျန်းမာရေးဝန်ကြီးဌာန | စာသား ပြောင်း၍ အတည်ပြု |
| ၃၂။ | ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်(ICOLD)သို့အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ရရှိရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို။ | ၁၂.၉.၂၀၁၁ ၁၆ ရက် မြောက်နေ့ | ၁၃.၉.၂၀၁၁ ၁၇ ရက် မြောက်နေ့ | ဦးခင်ဇော် ဒုတိယဝန်ကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတည်ပြု |
| ၃၃။ | ဦးအောင်ငြိမ်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | ပြည်သူတို့ဘဝဥပဒေနှင့်အညီ အေးချမ်းသာယာစိတ်ချမ်းသာစွာဖြင့် လူနေမှုဘဝလုံခြုံစွာ နေထိုင်နိုင်ရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်တို့က ဥပဒေနှင့်အညီ ဆောင်ရွက်လုပ်ကိုင်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို။ | ၁၃.၉.၂၀၁၁ ၁၇ ရက် မြောက်နေ့ | ၁၄.၉.၂၀၁၁ ၁၈ ရက် မြောက်နေ့ | ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | မေးခွန်း အဖြစ် မှတ်တမ်း တင်သည်။ |

| စဉ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |
| ၃၄။ | ဦးဖုန်းမြင့်အောင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | နိုင်ငံတော်အတွင်းနိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် လုပ်ငန်းဟူသမျှတွင် မတော်တဆထိခိုက်မှုအန္တရာယ် ဖြစ်ပွားမှု မရှိစေရေး အတွက်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုအဖြစ် ပြောင်းလဲ တင်သွင်းခွင့်ပြုသည်။ | ၁၃.၉.၂၀၁၁ ၁၇ ရက် မြောက်နေ့ | ၁၆.၉.၂၀၁၁ ၁၉ ရက် မြောက်နေ့ | ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | စာသား ပြောင်း၍ အတည် ပြုသည်။ |
| ၃၅။ | ဦးစောအုန်း မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) | ဆင်းရဲနွမ်းပါးမှုလျော့ချနိုင်ရေးအတွက်ဖြစ်သောအသေးစားချေးငွေ လုပ်ငန်းကို ကြီးမားစွာထိခိုက်နိုင်သည့် လောင်းကစားခြင်းများ ကင်းစင် ပပျောက်သွား စေရန် လူထုလပ်ရှားမှုအပါအဝင် နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ။ | ၁၃.၉.၂၀၁၁ ၁၇ ရက် မြောက်နေ့ | ၂၆.၉.၂၀၁၁ ၂၅ ရက် မြောက်နေ့ | ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | စာသား ပြောင်း၍ အတည်ပြု |

| စဉ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |
| ၃၆။ | ဒေါက်တာမြတ်ဉာဏစိုး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) | ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် လုပ်ကိုင်သည့် အခြေခံ လုပ်သားများအတွက် သင့်လျော်သော နှုန်းထားတစ်ရပ်ဖြင့် အနိမ့်ဆုံးလစာ သတ်မှတ်ချက်ကို ဥပဒေပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ။ | ၂၆.၉.၂၀၁၁ ၂၅ ရက် မြောက်နေ့ | ၂၆.၉.၂၀၁၁ ၂၅ ရက် မြောက်နေ့ | ဦးအောင်ကြည် အလုပ်သမားဝန်ကြီးဌာန | စာသား ပြောင်း၍ တောင်သူ လယ်သမား နှင့် ပြည်တွင်း ပြ ည်ပ အလုပ်သမား များဆိုင်ရာ ကော်မတီ သို့လွှဲပြောင်း သည် ။ |
| ၃၇။ | ဦးညီညီထွန်း မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) | မြစ်ချောင်းများ ရေလမ်းကြောင်း ပြောင်းလဲမှုကြောင့် ပေါ်ထွန်းလာ သည့် သောင်နုမြေများအား ဝေငှသည့်အခါ အမှန်တကယ် လုပ်ကိုင်မည့် တောင်သူလယ်သမားများ ရရှိစေရေး အတွက် ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း | ၂၆.၉.၂၀၁၁ ၂၅ ရက် မြောက်နေ့ | ၂၆.၉.၂၀၁၁ ၂၅ ရက် မြောက်နေ့ | ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | မေးခွန်း အဖြစ် ပြောင်းလဲ မေးရန် |

| စဥ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကြောင်း အဆို | | | | ဆုံးဖြတ် သည်။ |
| ၃၈။ | ဦးအောင်ငြိမ်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | အကြောင်းအမျိုးမျိုးကြောင့် တောင်သူလယ်သမားများ၏ လယ်ယာမြေလုပ်ပိုင်ခွင့် လက်လွတ်ဆုံးရှုံးမှုများမှ ဖြစ်သင့်သည်ထက် ပိုမိုနေခြင်းများ ရှိခဲ့သဖြင့် ထိုသို့ မဖြစ်စေရေးအတွက် ဆောင်ရွက်ပေးပါရန် နိုင်ငံတော် အစိုးရအား တိုက်တွန်းကြောင်းအဆို ။ | ၂၆.၉.၂၀၁၁ ၂၅ ရက် မြောက်နေ့ | ၂၇.၉.၂၀၁၁ ၂၆ ရက် မြောက်နေ့ | ဦးမြင့်လှိုင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | စာသား ပြောင်း၍ အတည်ပြု |
| ၃၉။ | ဦးညွန့်တင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) | မြန်မာ့လေကြောင်း (Myanmar Airways)ကို နိုင်ငံ့ဂုဏ်ဆောင် လေကြောင်းလိုင်း (National Flag Carrier ) အဖြစ် ကမ္ဘာ့လေကြောင်းပို့ဆောင်ရေး ကဏ္ဍတွင် နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက် နိုင်ရန် အတွက် မြန်မာ့လေကြောင်းဆိုင်ရာ ဥပဒေ တစ်ရပ် ထုတ်ပြန်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို။ | ၂၉.၉.၂၀၁၁ ၁၄ ရက် မြောက်နေ့ | ၃.၁၀.၂၀၁၁ ၂၉ ရက် မြောက်နေ့ | ဦးဉာဏ်ထွန်းအောင် ပို့ဆောင်ရေးဝန်ကြီးဌာန | စာသား ပြောင်း၍ အတည်ပြု |

| စဉ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |
| ၄၀။ | ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) | ကျောင်းပြောင်းလက်မှတ် နှစ်လွန်ကြေးတစ်ကျပ် ကောက်ခံမည့်အစား နှစ်ရာကျပ်သို့ ကောက်ခံရန် အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ။ | ၁၉.၁၀.၂၀၁၁ ၁၆ ရက် မြောက်နေ့ | ၁၉.၁၀.၂၀၁၁ ၁၆ ရက် မြောက်နေ့ | ဒေါက်တာမြဲအေး ပညာရေးဝန်ကြီးဌာန | စာသား ပြောင်း၍ မေးခွန်းမှ အဆိုပြောင်း ၍ အတည်ပြု |
| ၄၁။ | ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) | နိုင်ငံတော်တစ်ဝန်းရှိ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနများ ကွပ်ကဲမှုအောက်ရှိ မြို့နယ်ပညာရေးမှူးရုံးများတွင် လက်ရှိခွင့်ပြုထားသော ဝန်ထမ်းဖွဲ့စည်းပုံ ခွင့်ပြုအင်အားသည် လုပ်ငန်းလုပ်ကိုင် လည်ပတ်ရန် မဖြစ်နိုင်သော အင်အားဖြစ်နေပါ၍ ဌာနၣ်ရှိပြီး ခွင့်ပြုဝန်ထမ်းအမျိုးအစားနှင့် အင်အားဘောင်အတွင်းမှာပင် သင့်တင့်သော ဖွဲ့စည်းပုံဖြင့် ပြင်ဆင်ခွင့်ပြု ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို ။ | ၄.၁၀.၂၀၁၁ ၁၀ ရက် မြောက်နေ့ | ၁၉.၁၀.၂၀၁၁ ၁၆ ရက် မြောက်နေ့ | ဒေါက်တာမြဲအေး ပညာရေးဝန်ကြီးဌာန | အတည်ပြု |
| ၄၂။ | ဦးဖုန်းမြင့်အောင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) | အများပြည်သူသုံး ရေပေးဝေရေးလုပ်ငန်း တစ်ခုလုံးကိုဖြစ်စေ အစိတ်အပိုင်းကိုဖြစ်စေ ပုဂ္ဂလိက သို့မဟုတ် အများပိုင်စနစ် သို့မဟုတ် ဖက်စပ်စနစ်တခုခုဖြင့် လုပ်ကိုင်ခွင့်ပြုရန်အတွက် လိုအပ်သော စည်းမျဉ်းဥပဒေ တစ်ရပ် ထုတ်ပြန်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို ။ | ၆.၁၀.၂၀၁၁ ၁၂ ရက် မြောက်နေ့ | ၂၀.၁၀.၂၀၁၁ ၁၇ ရက် မြောက်နေ့ | ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး နယ်စပ်ရေးရာဝန်ကြီးဌာန | မူလကပင် ခွင့်ပြုထား ပြီးဖြစ်တဲ့ လုပ်ငန်း တစ်ရပ် |

| စဉ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | ဖြစ်သော ကြောင့် လိုအပ်ခြင်း မရှိတဲ့ အဆိုအဖြစ် ဆုံးဖြတ် သည်။ |
| ၄၃။ | ဒေါက်တာအေးမောင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) | တိုင်းရင်းသားရေးရာဝန်ကြီးများအား အခြေခံဥပဒေတွင် ပြဋ္ဌာန်းသည့်အတိုင်း တိုင်းဒေသကြီး / ပြည်နယ်ဝန်ကြီးများ ခံစားခွင့်များအတိုင်း တစ်ပြေးညီ ရရှိစေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ။ | ၂၀.၁၀.၂၀၁၁ ၃၇ ရက်မြောက်နေ့ | ၂၀.၁၀.၂၀၁၁ ၃၇ ရက် မြောက်နေ့ | ဥက္ကဋ္ဌ အမျိုးသားလွှတ်တော် | ခံစားခွင့် နှင့် အဆောင် အယောင် ဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ ရေးဆွဲပြီး ပြည်ထောင် စုလွှတ်တော် သို့တင်သွင်း |

| စဥ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | ရန်ဆုံးဖြတ် သည်။ |
| ၄၄။ | ဦးသန်းဆွေ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) | ဗဒုံမင်း (ဘိုးတော်ဘုရား) အား ဆက်သခဲ့သော ထူးမြတ်သည့် နိဗ္ဗာန်နပစ္စယနာဂရာဇာဆဒ္ဒန် ဆင်ဖြူတော်မှ ကျွင်းကျန်သော အစွယ်တော် (၂) ချောင်းကို သဘာဝသမိုင်းပြတိုက်တွင် ပြသမည့် အစား နေပြည်တော်တွင် တည်ဆောင်လျက်ရှိသည့် အမျိုးသားပြတိုက် တည်ဆောက်ခြင်း လုပ်ငန်းပြီးစီးပါက ပြောင်းရွှေ့ပြသရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို။ | ၂၁.၁၀.၂၀၁၁ ၃၈ ရက် မြောက်နေ့ | ၂၁.၁၀.၂၀၁၁ ၃၈ ရက် မြောက်နေ့ | ဒေါ်စန္ဒာခင် ဒုတိယဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန | စာသား ပြောင်း၍ မေးခွန်းမှ အဆို ပြောင်း၍ အတည်ပြု |
| ၄၅။ | ဦးလှဆွေ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) | လက်ရှိ တပ်မတော်တွင် တိုက်ခိုက်ရေး တာဝန်မဟုတ်သော စစ်မှုရေးရာ ဌာနများ၌ အမျိုးသမီး စစ်မှုထမ်းများ ခန့်ထားရန် ပြုထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို ။ | ၂၀.၁၀.၂၀၁၁ ၂၇ ရက် မြောက်နေ့ | ၂၁.၁၀.၂၀၁၁ ၃၈ ရက် မြောက်နေ့ | ဗိုလ်မှူးကြီးအောင်သော်(ရေ) ဒုတိယဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန | အတည်ပြု |
| ၄၆။ | ဦးဆွေအောင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) | လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ လယ်လုပ် ပိုင်ခွင့်များ ဆုံးရှုံးခြင်း မရှိစေရန် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက် ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို ။ | ၅.၁၀.၂၀၁၁ ၃၁ ရက် မြောက်နေ့ | ၂၄.၁၀.၂၀၁၁ ၃၉ ရက် မြောက်နေ့ | ဦးမြင့်လှိုင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဆိုအား ဆက်လက် ဆောင်ရွက် ခြင်းမပြုဘဲ လွှတ်တော်မှ မှတ်တမ်း တင်ကြောင်း |

| စဥ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | ဆုံးဖြတ် သည်။ |
| ၄၇။ | ဦးနေဝင်းထွန်း ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) | သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းကို တည်ဆဲဥပဒေများနှင့်အညီ ထူထောင်ခွင့်ပြုရန် အဆို။ | ၂၇.၁၀.၂၀၁၁ ၄၁ ရက်မြောက်နေ့ | ၁.၁၁.၂၀၁၁ ၄၃ ရက်မြောက်နေ့ | ဥက္ကဋ္ဌ အမျိုးသားလွှတ်တော် | အတည်ပြု |
| ၄၈။ | ဒေါ်ခင်ဝိုင်းကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) | ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ရေးအတွက် ပေးပို့ခြင်း မပြုမီ ဥပဒေကြမ်းပူးပေါင်းကော်မတီအား စိစစ်စေပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ / မရှိ သံသယရှိသော ကိစ္စရပ်များ ပါဝင်ပါက ယင်းဥပဒေကြမ်းများ ကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးသို့ ပေးပို့ခြင်းအား ထောက်ခံကြောင်းနှင့် ပြည်သူ့လွှတ်တော်၌ ၎င်းကိစ္စအား ပယ်ဖျက်ရန် အတည်ပြုသော အဆိုကို ကန့်ကွက်ကြောင်း အဆို ။ | ၂.၁၁.၂၀၁၁ ၄၄ ရက်မြောက်နေ့ | ၂.၁၁.၂၀၁၁ ၄၄ ရက်မြောက်နေ့ | ဥက္ကဋ္ဌ အမျိုးသားလွှတ်တော် | အတည်ပြု |
| ၄၉။ | ဒေါ်ခင်ဝိုင်းကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) | ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၄၄ ရက်မြောက်နေ့တွင် အတည်ပြုခဲ့သည့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ဆုံးဖြတ်ခဲ့သော ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို | ၄.၁၁.၂၀၁၁ ၄၅ ရက်မြောက်နေ့ | ၄.၁၁.၂၀၁၁ ၄၅ ရက်မြောက်နေ့ | ဥက္ကဋ္ဌ အမျိုးသားလွှတ်တော် | ကိုယ်စားလှယ်ဦးရေ ၄၀ ဦး မပြည့်၍ အဆိုကို လက်ခံဆွေး |

| စဥ် | ကိုယ်စားလှယ်အမည်နှင့်မဲဆန္ဒနယ် | အကြောင်းအရာ | အဆိုတင်သည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ရှင်းလင်းဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| | | နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရေးအတွက် ပေးပို့ခြင်း မပြုမီ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ/မရှိ သံသယရှိသော ကိစ္စများ ပါဝင်ပါက ယင်းဥပဒေကြမ်းများကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့ရန်ဟူသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်သော်လည်းကောင်း ညီညွတ်မှုမရှိပါသဖြင့် ကန့်ကွက်ခွင့်ပြုပါရန်နှင့် အထက်ပါဆုံးဖြတ်ချက်အား ပယ်ဖျက်ပေးပါရန်ဟူသော အဆိုနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၇၆(က)အရ ဖွဲ့စည်းဆောင်ရွက်ပေးပါရန် နှင့် လိုအပ်လျှင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၈၁ အရ ကော်မရှင်နှင့် အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း သင့်လျော်သည့် နိုင်ငံသားများ ထည့်သွင်းရေး၍လည်းကောင်း ဖွဲ့စည်းပြီး စီရင်ထုံးတစ်ခုကဲ့သို့ မှတ်တမ်းမှတ်ရာ ကျန်ရစ်အောင် ဆောင်ရွက်ပေးပါရန် အဆို။ | | | | ဆွေးရန်မရှိကြောင်း ဆုံးဖြတ်သည်။ |
| ၅၀။ | ဦးစိုးမြင့်<br>မကွေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၆) | ဧရာဝတီမြစ်ကြီး ရှင်သန်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ရေထိန်းတမံကြီးများ တည်ဆောက်ရန်နှင့် မြစ်အောက်ပိုင်းတွင် ရေလမ်းကြောင်းထိန်းသိမ်းရေးစီမံကိန်းများ တည့်သွင်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၁၄.၁၁.၂၀၁၁<br>၄၆ ရက်<br>မြောက်နေ့ | ၁၆.၁၁.၂၀၁၁<br>၄၇ ရက်<br>မြောက်နေ့ | ဦးဝင်းရှိန်<br>ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အတည်ပြု |

| စဉ် | ကိုယ်စားလှယ် အမည်နှင့် မဲဆန္ဒနယ် | အကြောင်းအရာ | အဆို တင်သည့်နေ့ | ဆုံးဖြတ်သည့် နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |